**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ်ကောင်စီ (သဘာပတိ နှင့် ဒုတိယသဘာပတိလစာငွေ) အက်ဥပဒေ။**

**၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ် အက်ဥပဒေအမှတ် ၁။**

**ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ ပဌမဝါဆိုလဆုတ် ၁၁ ရက်။**

**(၁၉၄၈ ခု၊ ဇူလိုင်လ ၁ ရက်) ။**

**[ ပြင်ဆင်: 28.10.1948 ]**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ၊ အက်ဥပဒေကိုထုတ်ပြန်ကျေညာသည်။

ရှမ်းပြည်နယ် ယာယီကောင်စီ နည်းဥပဒေ အခဏ်း ၄၊ အပိုဒ် ၈ (၃) အရ၊ ရှမ်းပြည်နယ်ယာယီကောင်စီ၏ အာဏာများကို သုံးစွဲဆောင်ရွက်သောယာယီ ကောင်စီ၏ သဘာပတိ နှင့် ဒုတိယသဘာပတိတို့အား ပေးရမည့်လစာငွေများကို၊ တရားဥပဒေနှင့် သတ်မှတ်ရန်လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**အမည်တိုနှင့်အာဏာတည်သည့်နေ့။**

၁။ ။ (၁) ဤဥပဒေကို **၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ်ကောင်စီ (သဘာပတိ နှင့် ဒုတိယသဘာပတိလစာငွေ) အက်ဥပဒေ** ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

<ပြင်ဆင် 28.10.1948>

**သဘာပတိ နှင့် ဒုတိယသဘာပတိလစာငွေများ။**

၂။ ။ ရှမ်းပြည်နယ်ယာယီကောင်စီသဘာပတိအား တလလျှင် လစာငွေ ၁,၂၅၀/- (တထောင့်နှစ်ရာငါးဆယ်ကျပ်)ပေးရမည်။ ဒုတိယသဘာပတိအား တလလျှင် လစာငွေ ကျပ် ၆၀၀ (ခြောက်ရာ) ပေးရမည်။

<ပြင်ဆင် 28.10.1948>

**သဘာပတိသည်အခြားအလုပ်အကိုင်များတွင်ပါဝင်လုပ်ကိုင်ခြင်းမပြုရ။**

၃။ ။ သဘာပတိသည် ရာထူးလက်ရှိကာလအတွင်းတွင်၊ သဘာပတိရာထူးဆိုင်ရာတာဝန်ဝတ်တရားများကိုဆောင်ရွက်အပ်သည်မှတပါး အတတ်ပညာဖြင့် ဥစ္စာရှာသော မည်သည့်အသက်မွေးမှုမျိုးကိုမျှ မပြုရ။ သို့တည်းမဟုတ် မည်သည့်ကုန်သွယ်ရောင်းဝယ်မှု၌မျှပါဝင်လုပ်ကိုင်ခြင်းမပြုရ။ သို့တည်းမဟုတ် မည်သည့်အလုပ်အကိုင်မျိုးကိုမျှ အခကြေးငွေဥစ္စာအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

<ပြင်ဆင် 28.10.1948>

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်၊**
**နိုင်ငံတော်ယာယီသမတ။**

**ရန်ကုန်မြို့၊ ၁၃၁၀ ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၁၁ ရက်။**
**(၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။)**

**အမိန့်အရ၊**
**ရွှေဘော်၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၉၇။]**